# ဆောက်လုပ်ရေး လုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှု မြင့်တက်စေရန် စနစ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကာကွယ်ရေးမူဝါဒ

ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေဖောင်ဒေးရှင်း

ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေဖောင်ဒေးရှင်း(အောက်တွင် 「ဤ**ဖောင်ဒေးရှင်း**」 ဟုခေါ်ဝေါ်သွားမည်။)ဤဖောင်ဒေးရှင်းမှ စီမံခန့်ခွဲလျက်ရှိသည့် ဆောက်လုပ်ရေး လုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှုမြင့်တက်စေရန်စနစ် (အောက်တွင် 「ဤစနစ် ဟုခေါ်ဝေါ်သွားမည်။) တွင် ကိုယ်ရေးကိုယ်တာအချက်အလက်များကာကွယ်ရေးဥပဒေ (၂၀၀၃ ခုနှစ် မေလ ၃၀ ရက်အက်ဥပဒေအမှတ် ၅၇) (အောက်တွင် 「ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကာကွယ်ရေးဥပဒေ」 ဟုခေါ်ဝေါ်သွားမည်။) အရ ကိုယ်ရေးကိုယ်တာအချက်အလက်များကို နည်းလမ်းမှန်ကန်စွာ ကိုင်တွယ်နိုင်ရန် အလို့ ငှါ ဤကိုယ်ရေးကိုယ်တာ ကာကွယ်ခြင်းမူဝါဒကို ချမှတ်ထား ပါသည်။

၁။ လုပ်ငန်းရှင် ကုမ္ပဏီအမည်

ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေဖောင်ဒေးရှင်း

၂။ သက်ဆိုင်သည့် ဥပဒေများနှင့်လမ်းညွှန်ချက်များကို လိုက်နာခြင်း

ဤဖောင်ဒေးရှင်းသည် ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် ပတ်သက်၍ ကိုယ်ရေး ကိုယ်တာအချက်အလက်များ ကာကွယ်ရေး ဥပဒေနှင့် အခြားသော ဥပဒေများအပြင် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအက်ဥပဒေ လမ်းညွှန်ချက်များကို လိုက်နာကာ၊ ကိုယ်ရေးကိုယ်တာအချက်အလက် များကို သင့်လျော်မှန်ကန်စွာ အသုံးပြုပါမည်။

၃။ အသုံးပြုရန် ရည်ရွယ်ချက်

ဤဖောင်ဒေးရှင်းသည် ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့်ပတ်သက်၍ ပူးတွဲပါ အခြားစာရွက် 「ဆောက်လုပ်ရေး လုပ်သားများ၏လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တက်စေရန်စနစ်」 တွင်ဖော်ပြထားသော (၁ အသုံးပြုမှု ရည်ရွယ်ချက်နှင့် ပတ်သက်၍) ၏ ဘောင်အတွင်း၌သာ အသုံးချပါမည်။

၄။ အတူတကွ အသုံးချခြင်း

ဤဖောင်ဒေးရှင်းသည် ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် ပတ်သက်၍၊ အထက်ပါ အသုံးပြုရန် ရည်ရွယ်ချက် အောင်မြင်စေရန် အလို့ငှါ လိုအပ်သော အတိုင်းအတာအတွင်း၌ ပူးတွဲပါ အခြားစာရွက် 「**ဆောက်လုပ်ရေး လုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှု မြှင့်တက်စေရန် စနစ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍**」 တွင်ဖော်ပြထားသော 「၂ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အတူတကွ အသုံးချခြင်းနှင့် ပတ်သက်၍ 」 တွင်သတ်မှတ်ထားသော အတူတကွ အသုံးချသူများ၏ ဘောင်အတွင်း၌သာ အတူတကွ အသုံးချပါမည်။

၅။ ကိုယ်ရေးကိုယ်တာအချက်အလက်များကို တတိယပါတီများအားပေးအပ်ခြင်း

ဤဖောင်ဒေးရှင်းသည် ကိုယ်ရေးကိုယ်တာအချက်အလက်များကို တတိယပါတီများအား ပေးအပ်ခြင်းနှင့်ပတ်သက်၍၊ ပူးတွဲပါ အခြားစာရွက် 「**ဆောက်လုပ်ရေး လုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှု မြှင့်တက်စေရန် စနစ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍**」 ဖော်ပြထားသော ( ၃ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တတိယပါတီများအား ပေးအပ်ခြင်းနှင့် ပတ်သက်၍) ကို မူတည်၍ ကျင့်သုံးသွားပါမည်။

၆။ လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်သောအချက်များ

ဤဖောင်ဒေးရှင်းအနေဖြင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များပေါက်ကြားခြင်း၊ ဆုံးရှုံးခြင်းနှင့်ပျက်စီးခြင်းစသည်တို့မှ ကာကွယ်နိုင်ရန်အတွက် လိုအပ်သော၊ သင့်တော်သော စီမံခန့်ခွဲမှုများကို ပြု

လုပ်ပါမည်။ထို့အပြင် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကိုင်တွယ်ရသော ဝန်ထမ်းများအပြင်၊ ကန်ထရိုက်တာများ(ထပ်ဆင့်ကန်ထရိုက်တာများအပါအဝင်) အပေါ်တွင် လိုအပ်သော၊ သင့်လျော်သော လမ်းညွှန် ကြီးကြပ်မှုကို ပြုလုပ်ပါမည်။

၇။ သတင်းအချက်အလက်များကို ထုတ်ဖော်ပြသခြင်း၊ ပြင်ဆင်ခြင်းစသည်တို့

ဤဖောင်ဒေးရှင်းသည် မှတ်ပုံတင်ထားသူကိုယ်တိုင်က ၎င်းနှင့်သက်ဆိုင်သော သတင်းအ ချက်အလက်များကို ထုတ်ဖော်ပြသပေးရန် ၊ ပြင်ဆင်ပေးရန် တောင်းဆိုလာပါက၊ တောင်းဆိုသူသည် မှတ်ပုံတင်ထားသူဟုတ်မဟုတ်ကို စစ်ဆေးပြီး ငြင်းဆိုရန် အထူးအကြောင်းပြချက်မရှိပါက ထုတ်ဖော် ပြသပေးခြင်း၊ ပြင်ဆင်ပေးခြင်းစသည်တို့ကို ပြုလုပ်ပါမည်။

ဤအချက်အလက်များနှင့်ပတ်သက်၍စုံစမ်းရန်

ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေဖောင်ဒေးရှင်း  အထွေထွေရေးရာဌာန

ဖုန်း ။ ။ ၀၃-(၅၄၇၃)၄၅၇၀

ရုံးချိန်။ ။၉း၀၀~၁၇း၃၀ (စနေ၊ တနင်္ဂနွေ၊ ရုံးပိတ်ရက်နှင့်နှစ်သစ်ကူးရုံးပိတ်ရက်များမှအပ)

# ဆောက်လုပ်ရေး လုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှု မြှင့်တက်စေရန် စနစ်တွင် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍

၁။ အသုံးချရန် ရည်ရွယ်ချက်နှင့်ပတ်သက်၍

ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေဖောင်ဒေးရှင်း(အောက်တွင် 「ဤ **ဖောင်ဒေးရှင်း**」 ဟုခေါ်ဝေါ်သွားမည်။) သည် ဆောက်လုပ်ရေး လုပ်သားများ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှု မြှင့်တက်စေရန်စနစ်(အောက်တွင် 「ဤစနစ်」 ဟုခေါ်ဝေါ်သွားမည်။) ကို စီမံခန့်ခွဲ ရာတွင် ရရှိလာသော ဤစနစ်ကို အသုံးပြုရန် လာလျှောက်ထားသူ(သို့) မှတ်ပုံတင်ထားသူ( ဤစနစ်ကို အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် မှတ်ပုံတင်ထားသည့် တသီးပုဂ္ဂလိက(သို့) ကုမ္ပဏီကိုဆိုလိုသည်။ အောက်တွင်လည်း အဓိပ္ပါယ်တူပါမည်) ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် ပတ်သက်၍ ၊ ထိုအသုံးပြုရန် ရည်ရွယ်ချက်(အောက်တွင် အသုံးပြုရန် ရည်ရွယ်ချက်) ဟုခေါ်ဝေါ်မည်) ကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်။

( ၁ ) ပညာရှင် လုပ်သားက ပညာနှင့်အတွေ့အကြုံများနှင့်သင့်လျော်သော အကဲဖြတ်ခြင်းကို ခံယူကာ ရသင့် ရထိုက်သည့် လခ၊အခွင့်အရေးစသည်တို့ ပိုမို ရရှိလာစေရန်၊ ပညာရှင် လုပ်သား၊ ထိုပညာရှင်လုပ်သား၏အလုပ်ရှင်နှင့် ကန်ထရိုက်တာများက ပူးပေါင်း၍ 「ပညာရှင် လုပ်သား၏ အခြေခံ သတင်းအချက်အလက်များ」 (ပူတွဲးပါဇယား (၁)တွင် ပြုစုထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုပါသည်။ အောက်တွင်လည်း အဓိပ္ပါယ်တူပါမည်)နှင့် (ပညာရှင်လုပ်သား ၏ အလုပ်ရာဇဝင် အချက်အလက်များ) ပူတွဲးပါဇယား (၂)တွင် ပြုစုထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုပါသည်။ အောက်တွင်လည်း အဓိပ္ပါယ်တူပါမည်) အစရှိသည်တို့ကို အောက်ပါအတိုင်း ဤစနစ်၌ မှတ်ပုံတင်ခြင်း၊ ထပ်ဆောင်းခြင်းတို့အပြင် နောက်ဆုံးပေါ်သတင်းအချက်အလက်များကို မွမ်းမံပါမည်။

(၁)-၁. ပညာရှင်လုပ်သား၏ အခြေခံအချက်အလက်များကို ပညာရှင်လုပ်သားကိုယ်တိုင်(သို့မဟုတ် ပညာရှင်မှ တာဝန်အပ်နှင်းထားသော ကုမ္ပဏီအဖွဲ့အစည်းစသည်တို့)က ဤစနစ်တွင် မှတ်ပုံတင်ခြင်းနှင့်မွမ်းမံခြင်း၊

(၁)-၂ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များကို ပညာရှင်လုပ်သား၏ အလုပ်ရှင်၊ ကန်ထရိုက်တာစသည့် လုပ်ငန်းရှင်များ၊ ပညာရှင်လုပ်သားကိုယ်တိုင်က ဤစနစ်တွင် မှတ်ပုံတင်ခြင်း ဖြည့်စွက်ခြင်းနှင့်မွမ်းမံခြင်း။

(၁)-၃ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များကိုစုစည်းရန် 「အလုပ်ရှင်၏သတင်းအချက်အလက်」(ပူးတွဲပါဇယား (၃)တွင် ပြုစုထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုသည်။ အောက်တွင်လည်းအစိပ္ပါယ်တူပါမည်) 「အလုပ်ခွင်(ဆိုက်) စာချုပ် ပါအချက်အလက်များ」(ပူးတွဲပါဇယား (၄ )တွင် ပြုစုထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုသည်။ အောက်တွင်လည်းအစိပ္ပါယ်တူပါမည်) ကို ပညာရှင်လုပ်သားက တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်ရှင်၊ ကန်ထရိုက်တာ အစရှိသူတို့က ဤစနစ်တွင် မှတ်ပုံတင်ခြင်းနှင့်မွမ်းမံခြင်း။

(၁)-၄ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ (အလုပ်ရှင်၏သတင်းအချက်အလက်များတို့အပြင်၊ အလုပ်ခွင်(ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို ဤဖောင်ဒေးရှင်းက အသိအမှတ်ပြု ထားသောပုဂ္ဂလိက အဖွဲ့အစည်းတို့၏ အဝင်အထွက်ကို ထိန်းချုပ်သည့် စနစ်၊ လုံခြုံရေး ထိန်းချုပ်သည့်စနစ် စသည်တို့နှင့် ချိတ်ဆက် (ပူးပေါင်းအသုံးချ)ကာ ဤစနစ်၌ မှတ်ပုံတင်ခြင်း၊ ဖြည့် စွက်ခြင်းနှင့်မွမ်းမံခြင်း။

(၂) ၁အရ မှတ်ပုံတင်ခြင်းအပြင်ဖြည့်စွက်ခြင်းခံရသော ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်များ၊ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ အလုပ်ရှင်၏ သတင်းအချက်အလက်နှင့် အလုပ်ခွင်(ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို အသုံးပြုကာ မှတ်ပုံတင် ထားသူက ထူးချွန်သူ ဟုတ်မဟုတ်၊ ထို့အပြင် ပညာရှင်လုပ်သားနှင့်ထိုပညာရှင်လုပ်သား၏အလုပ်ရှင်က သင့်တော်မတော်ကို သိရှိ သို့မဟုတ် ဆုံးဖြတ်နိုင်ရန်အတွက်။ ထို့အပြင် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်စေရန်လုပ်ဆောင်သွား ရန်ရှိသောပညာရှင်လုပ်သား၏ အရည်အချင်းစစ်ဆေးခြင်းနှင့် အလုပ်ရှင်၏လုပ်ဆောင်နိုင်

စွမ်းရည်ကို အကဲဖြတ်နိုင်ရန် ဖွဲ့စည်းထားသည်များနှင့် ဆက်စပ်ကာ ပညာရှင်လုပ်သားများအတွက် အလုပ်ရရှိစေခြင်းနှင့် လခအနိမ့်မခံရစေရန် လုပ်ဆောင်ခြင်း။

(၂)-၁ မှတ်ပုံတင်ထားသူအချင်းချင်းက ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်များ၊ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ အလုပ်ရှင်၏ သတင်းအချက် အလက်နှင့် အလုပ်ခွင် (ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို မျှဝေပါမည်။ (အတူတကွ အသုံးချပါမည်။) သို့သော် ပညာရှင် လုပ်သား၏ အလုပ်ရှင်ကုမ္ပဏီ၊ ကန်ထရိုက်တာမှအပ အခြားသော လုပ်ငန်းရှင်များအပေါ်တွင်မူ ပညာရှင် လုပ်သား၏ အခြေခံသတင်း အချက်အလက်၊ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့ အနက်၊ ပညာရှင်လုပ်သားကိုယ်၌ကသော်လည်းကောင်း၊ အလုပ်ရှင်ကသော်လည်းကောင်း မျှဝေရန် သဘော တူထားခြင်း မရှိသည့် အချက်အလက်များ မပါဝင်ပါ။

(၂)-၂ ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်၊ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့အနက် ပညာရှင်လုပ်သားကိုယ်၌က သဘောတူထားသော အချက်များနှင့် ပတ်သက်၍၊ ပညာရှင် လုပ်သား၏ ကျွမ်းကျင်မှုကိုအကဲဖြတ်ရန်နှင့် အလုပ်ရှင်၏ လုပ်ဆောင်နိုင်စွမ်းကို တိုင်းတာရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းအပေါ်တွင် လိုအပ်သလောက် ပံ့ပိုးသွားမည်ဖြစ်ပါသည်။

(၃) (၁) အရ မှတ်ပုံတင်ထားသော၊စုဆောင်းထားသော ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်များ၊ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ အလုပ်ရှင်၏ သတင်းအချက် အလက်နှင့် အလုပ်ခွင် (ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို အသုံးပြုကာ ပိုမို၍ မှန်ကန်ပြီး အကျိုးရှိစွာဖြင့် ပညာရှင်လုပ်သားက အလုပ်ခွင်အတွင်းရောက်ရှိနေချိန်၊ အလုပ်လုပ်နေသည့် လက်ရှိအလုပ်ခွင်၏ အလုပ်ရှင်၊၎င်း၏အထက်ဆင့်ရှိကန်ထရိုက်တာ စသည်တို့က အလုပ်ခွင်၏ အန္တရာယ်ရာယ် ကင်းရှင်းစေရန်၊ သန့်ရှင်းစေရန်၊ လူမှုဖူလုံရေးအာမခံသို့ ဝင်ရောက်ထားခြင်း ရှိ၊ မရှိကို စစ်ဆေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း အငြိမ်းစားထောက်ပံ့ကြေးအာမခံစနစ်၏ အာမခံလက် မှတ်ထုတ်ပေးနိုင်ရန်၊ အလုပ်ခွင် (ဆိုက်)ကို သင့်လျော်စွာ စီမံခန့်ခွဲနိုင်ရန်၊လုပ်ငန်းများ ပိုမိုထိရောက်နိုင် စေရန်၊ လုပ်ငန်းအရည်အသွေး ပိုမိုမြင့်တက်လာစေရန်အလို့ငှါ။

(၃)-၁ ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များနှင့်ပတ်သက်၍ လိုအပ်သော အတိုင်းအတာအထိ အလုပ်ခွင်(ဆိုက်)၏ အလုပ်ရှင်

များ၊ ၄င်း၏အထက်အဆင့်ရှိ ကန်ထရိုက်တာများနှင့် ပညာရှင်လုပ်သားက တာဝန်ထမ်းဆောင် လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းတို့၌ မျှဝေပါမည်။ (အတူတကွ အသုံးချခြင်း)

(၃)-၂ ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များနှင့်ပတ်သက်၍ ဤစနစ်နှင့် ဤဖောင်ဒေးရှင်းက အသိအမှတ်ပြုထားသော ပုဂ္ဂလိက အဖွဲ့အစည်းတို့၏ အဝင်အထွက်ကို ထိန်းချုပ်သည့် စနစ်၊ လုံခြုံရေး ထိန်းချုပ်သည့်စနစ် စသည်တို့နှင့် ချိတ်ဆက် (ပူးပေါင်း အသုံးချ) ပါမည်။

(၄) မှတ်ပုံတင်ခြင်း၊ ဆက်သွယ်ခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်းစစ်ဆေးခြင်း၊လုပ်ငန်းရှင်ကိုရွေးချယ်ခြင်း တို့အပြင်၊ ဤစနစ်က သင့်လျော်စွာနှင့် ချောမွေ့စွာ လည်ပတ်နိုင်စေရန်အတွက်။

(၅) ဤစနစ်ကို အဆင့်မြှင့်တင်ရန်နှင့် သက်ဆိုင်သူများကို စည်းရုံးနိုင်ရန်တို့အပြင် ဤစနစ်ကို ပိုမို ကောင်းမွန်စေရန်အတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်စေရန်။

(၆) ဆောက်လုပ်ရေးလုပ်ငန်းရှိ ပြဿနာများကို စုံစမ်းစစ်ဆေး၊ ခွဲခြမ်းစိတ်ဖြာနိုင်စေရန်။

## ၂။ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အတူတကွ အသုံးချရန်နှင့်ပတ်သက်၍

ဤဖောင်ဒေးရှင်းသည် မှတ်ပုံတင်ထားသူ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အောက်ပါအတိုင်း အတူတကွ အသုံးချပါမည်။

(၁)ရည်ရွယ်ချက်

အသုံးချရန် ရည်ရွယ်ချက် ၁မှ ၃ အထိတူပါသည်။

(၂)အတူတကွ အသုံးချမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ

①「ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ」

②「ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ」

③「အလုပ်ရှင်၏သတင်း အချက်အလက်များ」

④「အလုပ်ခွင်(ဆိုက်)၊ စာချုပ်ပါအချက်အလက်များ」

သို့သော် အသုံးချရန် ရည်ရွယ်ချက် (၂)-၁နှင့်ပတ်သက်၍ ပညာရှင်လုပ်သားက တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်ရှင်ကုမ္ပဏီမှအပ၊ အခြားသောကုမ္ပဏီများနှင့်ပတ်သက်၍ ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့မှ၊ ပညာရှင်ကသော်လည်းကောင်း၊ ၎င်း၏အလုပ်ရှင်ကုမ္ပဏီကသော်လည်းကောင်း မျှဝေရန် သဘောတူ ထားခြင်းမရှိသည့်အကြောင်းအရာများ မပါဝင်ပါ။

(၃) အတူတကွ သုံးစွဲမည့်သူများကို ကန့်သတ်ခြင်းနှင့် အသုံးပြုရန် ရည်ရွယ်ချက်

①ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်သွားရန်အတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လျက်ရှိပြီး (သို့)ဝင်ရောက်လုပ်ကိုင်ရန်ရှိသူ ပညာရှင်လုပ်သားနှင့် သက်ဆိုင်သည့် ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များနှင့် ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့၏ အလုံးစုံ(သို့) တစိတ်တဒေသကို ရယူထားကာ၊ (သို့) ရယူနိုင်ရန် ဆောင်ရွက်လျက် ရှိသော ပုဂ္ဂလိက အဖွဲ့အစည်းတို့၏ အဝင်အထွက်ကို ထိန်းချုပ်သည့် စနစ်၊ လုံခြုံရေး ထိန်းချုပ်သည့် စနစ် စသည်တို့

(ဤစနစ်နှင့် ချိတ်ဆက်ရန် လိုအပ်ချက်များ ပြည့်မှီသည်ဟု ဤဖောင်ဒေးရှင်းက အသိ အမှတ်ပြုထား သည်မှအပ)ကို အသုံးပြုသူ လုပ်ငန်းရှင်နှင့် အော်ပရေတာ လုပ်ငန်းရှင်များ (အသုံးပြုရန် ရည်ရွယ်ချက်၊ (၁)- ၄နှင့်(၃)-၂

② ဤစနစ်တွင် မှတ်ပုံတင်ထားသူ (အသုံးပြုရန် ရည်ရွယ်ချက်၊ (၂)- ၁နှင့်(၃)- ၁)။ သို့သော် အသုံးပြု ရန် ရည်ရွယ်ချက်(၃)- ၁နှင့်ပတ်သက်၍ ပညာရှင်လုပ်သားက လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်း (သို့) ဝင် ရောက်ခဲ့သည့် အလုပ်ခွင်(ဆိုက်) ၏အလုပ်ရှင်၊ ၎င်း၏အထက် ကန်ထရိုက်တာနှင့် ပညာရှင်လုပ်သား ၏ အလုပ်ရှင်ကုမ္ပဏီကသာ အသုံးချနိုင်သည်ဟု ကန့်သတ်ထား)

(၄) အဆိုပါ တဦးခြင်းစီ၏ အချက်အလက်များကို ထိန်းသိမ်းရန် တာဝန်ရှိသူ

① လုပ်ငန်းခွင် ကျွမ်းကျင်မှု မြှင့်တက်စေရန်စနစ်၏ မန်နေဂျာ

②ဤဖောင်ဒေးရှင်းက အသိအမှတ်ပြုထားသည့် ပုဂ္ဂလိက အဖွဲ့အစည်းတို့၏ စနစ်

※ စနစ်၏ အမည်ကို သီးခြားဖော်ပြ။

(၃) ကိုယ်ရေးကိုယ်တာအချက်အလက်များကို တတိယပါတီများသို့ပေးခြင်းနှင့်ပတ်သက်၍

ဤဖောင်ဒေးရှင်းသည် အောက်ပါအချက်များအနက် တချက်ချက်နှင့် သက်ဆိုင်သည်မှအပ မှတ်ပုံ တင်ထားသူ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို တတိယပါတီသို့ ပေးအပ်မည်မဟုတ်ပါ။

၁။ မှတ်ပုံတင်ထားသူထံမှ ကြိုတင်၍သဘောတူညီမှုကိုရရှိထားပါက၊

၂။ ဥပဒေအရ ပေးအပ်ရန် တောင်းဆိုခံရသည့်အခါ၊

၃။ လူသားတို့၏ အသက်၊အိုးအိမ်၊စည်းစိမ်ကို ကာကွယ်ရန်လိုအပ်နေချိန် မှတ်ပုံတင်ထားသူ၏ သ ဘောတူညီမှုကို ရရှိရန်ခက်ခဲသည့်အခါ၊

၄။ အများပြည်သူကျန်းမာရေးကောင်းမွန်စေရန်နှင့် (သို့) ကလေးသူငယ်များကောင်းမွန်စွာ ဖွံ့ဖြိုးတိုး တက်စေရန် အထူးလိုအပ်နေသည့်အချိန်ဖြစ်ကာ၊မှတ်ပုံတင်ထားသူ၏ သဘောတူညီမှုကို ရရှိရန်ခက် ခဲသည့်အခါ၊

၅။ ဗဟိုအစိုးရ(သို့)ဒေသန္တရအစိုးရက ဥပဒေအရသတ်မှတ်ထားသည်များကို အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် ကူညီပေးရန် လိုအပ်ပြီး၊မှတ်ပုံတင်ထားသူ၏သဘော တူညီချက်ကို ရရှိလိုက်ခြင်းဖြင့် အဆိုပါ လုပ်ငန်းများအတွက် အနှောက်အယှက်ဖြစ်သွားနိုင်ဖွယ်ရာရှိသည့်အခါ၊

၆။ အသုံးချရန် ရည်ရွယ်ချက် အောင်မြင်စေရန်အတွက်လိုအပ်သော ပမာဏအတိုင်းအတာအတွင်း၌ သာပြင်ပသို့ တာဝန်အပ်နှင်းလိုက်သည့်အခါ၊

၇။ (၂ ကိုယ်ရေးကိုယ်တာအချက်အလက်များ အတူတကွအသုံးချခြင်းနှင့် ပတ်သက်၍) တွင်ပါဝင် သော အတူတကွ အသုံးပြုသူများ၏ ဘောင်အတွင်း၌ ပါဝင်သူများကို မျှဝေပေးသည့်အခါ၊

## သက်ဆိုင်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ

| **(သီးခြားဇယား၁) နည်းပညာရှင် လုပ်သား၏ အခြေခံအချက်အလက်များ** | |
|---|---|
| ၁. | အမည် |
| ၂. | အများခေါ်သည့်အမည် |
| ၃. | လိင်(ကျား/မ) |
| ၄. | မွေးသက္ကရာဇ် |
| ၅. | မျက်နှာဓာတ်ပုံ |
| ၆. | သွေးအမျိုးအစား |
| ၇. | လိပ်စာ |
| ၈. | ဖုန်းနံပါတ် |
| ၉. | အရေးပေါ်ဆက်သွယ်ရန် |
| ၁၀. | ဖက်စ်နံပါတ် |
| ၁၁. | အီးမေးလ်လိပ်စာ |
| ၁၂. | လက်ရှိအလုပ်လုပ်ကိုင်နေသော အလုပ်ရှင် ကုမ္ပဏီ၏ အမည် |
| ၁၃. | အလုပ်စခန့်ခံရသည့်နေ့ရက် |
| ၁၄. | လူမှုဖူလုံရေးအာမခံစသည်တို့ကို ဝင်ရောက်ထားခြင်းရှိမရှိ (ကျန်းမာရေးအာမခံ၊ ပင်စင်အာမခံ၊ အလုပ်အကိုင်အာမခံ၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှု အာမခံသို့ အထူးပါဝင်ခြင်း) |
| ၁၅. | အငြိမ်းစားများ အပြန်အလှန်ကူညီရေးသမဝါယမ အာမခံသို့ဝင်ရောက်ထားခြင်းရှိ၊ မရှိ |

| | |
|---|---|
| | (ဆောက် လုပ်ရေးလုပ်ငန်းမှအငြိမ်းစားများ၏ သမဝါယမအာမခံ၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများမှ အငြိမ်းစားများ၏ သမဝါယမ အာမခံ) |
| ၁၆. | ရရှိထားသော အောင်လက်မှတ်များ၊ တက်ရောက်ပြီးသော မွမ်းမံသင်တန်းများ၊ ရရှိဖူးသောဆုများ |
| ၁၇. | ကျန်းမာရေးစစ်ဆေးခံခြင်းအခြေအနေ(စစ်ဆေးခံခဲ့သည့်နေ့၊အမျိုးအစား) |
| ၁၈. | အလုပ်အကိုင်အမျိုးအစား |
| ၁၉. | အတွေ့အကြုံနှစ်ပေါင်း၊ အလုပ်တွေ့အကြုံစသည်တို့ |
| ၂၀. | အကြီးတန်းအင်ဂျင်နီယာဖြစ်ရန်အတွက် လိုအပ်သောကျောင်းပညာရေး |
| ၂၁. | ကျွမ်းကျင်မှု၊ အရည်အချင်းနှင့်လိုက်ဖက်သော အဆင့်အတန်း |
| ၂၂. | ကုမ္ပဏီတခုချင်းစီ၏ စနစ်၊ ဝန်ဆောင်မှုများ ID |
| ၂၃. | နိုင်ငံသားနှင့် ဗီဇာအမျိုးအစား |

| (သီးခြားဇယား၂) ပညာရှင်၏ အခြေခံ အချက်အလက်များ | |
|---|---|
| ၁. | ပညာရှင် လုပ်သား၏ အမည် |
| ၂. | လက်ရှိအလုပ်လုပ်ကိုင်နေသော အလုပ်ရှင် ကုမ္ပဏီ၏ အမည် |
| ၃. | N အဆင့်လုပ်ငန်းရှင် (သက်ဆိုင်ရာ လုပ်ငန်းခွင်၌ ရောက်ရှိနေသည့်အဆင့်) |
| ၄. | အထက်ကန်ထရိုက်တာအမည် |
| ၅. | လုပ်ငန်းခွင်အမည် |
| ၆. | လက်ရှိရာထူး (တာဝန်ခံအရာရှိစသည့် လက်ရှိလုပ်ငန်းခွင်ရရှိထားသည့် မိမိ၏ရာထူး) |
| ၇. | လုပ်ဆောင်ရသည့်အရာများ (လုပ်ငန်းအမျိုးအစား၊ အလုပ်ခွင်အတွင်း၌ လုပ်ဆောင်ရသည့် အရာများ) |
| ၈. | အန္တရာယ်ရှိသော အလုပ်ခွင်တွင် လုပ်ကိုင်ခဲ့ခြင်းရှိ၊ မရှိ |
| ၉. | အခြားသော သက်ဆိုင်သူများ၏ အချက်အလက်များ |
| ၁၀. | လုပ်ငန်းခွင်သို့ ဝင်ရောက်သည့်နေ့ရက်စွဲ |
| ၁၁. | လုပ်ငန်းခွင်သို့ ဝင်ရောက်သည့်ရက်စွဲ၊အချိန် |
| ၁၂. | လုပ်ငန်းခွင်မှ ထွက်ခွာသည့် နေ့၊အချိန် |
| ၁၃. | မှတ်ပုံတင်ထားသည့်အမျိုးအစား(စနစ်တွင် မှတ်ပုံတင်ထားခြင်း၊ တိုက်ရိုက်ကွန်ပြူတာသို့ သွင်းခြင်းကို ခွဲခြားထားရန်) |
| ၁၄. | မှတ်ပုံတင်ခြင်းစနစ်/ တိုက်ရိုက်ကွန်ပြူတာသို့ မှတ်ပုံတင်သူ |
| ၁၅. | မှတ်ပုံတင်သည့် ရက်စွဲနှင့်အချိန် |

| | |
|---|---|
| ၁၆. | သက်တမ်းတိုးသည့် ရက်စွဲနှင့်အချိန် |
| ၁၇. | .ကဒ်ကိုထုတ်ပေးသည့်အကြိမ်ရေ |
| ၁၈. | အခြားအကြောင်းအရာများကို မှတ်သားရန်အတွက် (မိမိဘာသာပေးအပ်သော သတင်းအချက်အလက်များ) |
| ၁၉. | အလုပ်ရှင်မှစစ်ဆေးသော ရက်စွဲနှင့်အချိန် |
| ၂၀. | အလုပ်ရှင်မှ မှတ်သားရန် ကွက်လပ် |
| ၂၁. | အထက် ကန်ထရိုက်တာမှ စစ်ဆေးပေးရန်ရက်စွဲနှင့်အချိန် |
| ၂၂. | အထက် ကန်ထရိုက်တာမှ မှတ်ပုံတင်ရန်ကွက်လပ် |

| (သီးခြားဇယား ၃) လုပ်ငန်းရှင်၏ အချက်အလက်များ | |
|---|---|
| ၁. | လုပ်ငန်းအမည် (သို့) အမည် (လုပ်ငန်းအမည်၊ရုံးခွဲအမည်) |
| ၂. | ဦးဆောင်သူ၏ အမည် |
| ၃. | တာဝန်ခံ၏အမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ် |
| ၄. | တည်နေရာ |
| ၅. | မတည်ရင်းနှီးငွေ |
| ၆. | ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်(လိုင်စင်ရှိ၊မရှိ၊ လိုင်စင်နံပါတ်၊ လိုင်စင်သက်တမ်း ကုန်ဆုံးမည့်နေ့၊ လိုင်စင်အမျိုးအစား) |
| ၇. | ဆောက်၍ပြီးစီးခဲ့သည့် အရေအတွက် (ရောင်းအား) |
| ၈. | လူမှုဖူလုံရေးအာမခံစသည်တို့တွင် ဝင်ရောက်ထားခြင်းရှိ၊ မရှိ (ကျန်းမာရေး အာမခံ၊ အငြိမ်းစား အာမခံ၊ အလုပ်အကိုင်အာမခံ) |
| ၉. | အငြိမ်းစားများ အပြန်အလှန်ကူညီရေး သမဝါယမ အာမခံသို့ ဝင်ရောက်ထားခြင်းရှိ၊ မရှိ (ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစားများ၏ သမဝါယမအာမခံ၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများမှ အငြိမ်းစားများ၏ သမဝါယမအာမခံ) |
| ၁၀. | လုပ်ငန်းခွင်မတော်တဆထိခိုက်မှုအာမခံသို့အထူးပါဝင်ခြင်း |
| ၁၁. | ဒစ်ဂျစ်တယ် ထောက်ခံစာ၏အမျိုးအစားနှင့်နံပါတ် |
| ၁၂. | အဓိကဖောက်သည် |
| ၁၃. | ကုမ္ပဏီနံပါတ် |
| ၁၄. | သာမာန်ကုမ္ပဏီ၏ကုဒ်နံပါတ်(CI-NET) |
| ၁၅. | ကုမ္ပဏီတခုခြင်းစီ၏စနစ်၊ ဝန်ဆောင်မှု 1D |
| ၁၆. | ဆုချီးမြှင့်ခဲ့ရဖူးခြင်း(အထူးကျွမ်းကျင်ဆု) |

| | |
|---|---|
| ၁၇. | အသင်းဝင်ထားသော အဖွဲ့အစည်းများ |
| ၁၈. | အကောင့်အချက်အလက် |

| (သီးခြားဇယား ၄) စာချုပ် လုပ်ငန်းခွင် သတင်းအချက်အလက် | |
|---|---|
| ၁. | လုပ်ငန်းခွင်အမည် |
| ၂. | တည်ဆောက်မည့်နေရာ၏လိပ်စာ |
| ၃. | ဖုန်းနံပါတ် |
| ၄. | တာဝန်ခံ၊ဆက်သွယ်ရန် (တာဝန်ခံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ) |
| ၅. | လုပ်ငန်းအမျိုးအစားအမည် |
| ၆. | လုပ်ငန်းစေခိုင်းသူ |
| ၇. | ဖက်စပ်ကန်ထရိုက်တာအမည် |
| ၈. | အလုပ်လက်ခံသည့်လုပ်ငန်းရှင်အမည်(လုပ်ငန်းရှင်အမည်၊ ရုံးခွဲ၊ ဌာနခွဲ၊ ဆိုင်ခွဲ၊ ရာထူး၊ စာချုပ်ချုပ်ဆိုသူ အမည်) |
| ၉. | စာချုပ်ငွေပမာဏ |
| ၁၀. | ဆောက်လုပ်ရန် ကြာမည့်ကာလ (စာချုပ်ချုပ်ထားသည့် စတင်ဆောက်လုပ်မည့် နှစ်၊လ၊ရက်၊ စာချုပ်ချုပ်ထားသည့် ပြီးဆုံးရမည့် နှစ်၊လ၊ရက်၊စတင်လုပ်ဆောင်မည့် နှစ်၊လ၊ရက်၊ လုပ်ငန်း ပြီးဆုံးမည့် နှစ်၊ရက်၊လ၊ရက်) |
| ၁၁. | ဆောက်လုပ်ရေး အသေးစိပ် အချက်အလက်များ(အဆောက်အဦး တည်ဆောက်မည်ဆိုပါက၊ တည်ဆောက်ပုံ တည်ဆောက်နည်း၊ ဆောက်လုပ်ရေးအမျိုးအစား၊ အဆောက်အဦဧရိယာ၊ စုစုပေါင်း ကြမ်းပြင်ဧရိယာ၊ အထပ်အရေအတွက်) |
| ၁၂. | အန္တရာယ်ရှိသော ပစ္စည်းများကိုင်တွယ်ခြင်းရှိ၊ မရှိ |
| ၁၃. | တည်ဆောက်ရန် ဖွဲ့စည်းထားပုံ(l~ ၏အထပ် အဆင့်ဆင့်၏အချက်အလက်များ) |
| ၁၄. | အများသူငါကြည့်ရှု၊ တည်းဖြတ်နိုင်သည်ဟု သတ်မှတ်ထားသည့် အချက်အလက်များ |